# သခင်ယေရှုမိုးကောင်းကင်တက်ပွဲ

တမန်တော် ၁း၁–၁၁၊ ဧဖက် ၁း၁၇–၂၃၊ မာကု ၁၆း ၁၅–၂၀

သခင်ယေရှုမိုးကောင်းကင်တက်ပွဲဟာ ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့နဲ့ တွဲလျက်ကျင်းပဘို့စီစဉ်ထားတဲ့ နေ့ရက်ဖြစ်ပါတယ်။ ဒီနေ့ဒီရက်မှာ လူထုဆက်သွယ်ရေးမီဒီယာတွေရဲ့ မတူကွဲပြားမှုနဲ့ ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝမှာ ဘယ်လိုဘယ်ပုံ သက်ရောက်မှုရှိလဲ ဆိုတာကို ထောက်ရှုရတဲ့နေ့ရက်အချိန်ဖြစ်ပါတယ်။

သခင်ယေရှု ကောင်းကင်ဘုံကို တက်ကြွတော်မူသောပွဲကို ကျင်းပကြပါတယ်။ ဒီနေရာမှာ ကောင်းကင်ဘုံဆိုတာဘာလဲဆိုတာကို ထောက်ရှုကြရအောင်။ ကောင်းကင်ဘုံဆိုတာ နေရာဌာနကို ပြောတာမဟုတ်ပါ။ ကျွန်ုပ်တို့နဲ့ ဘုရားနဲ့အတူတကွရှိနေခြင်းဆိုတဲ့ အခြေအနေဖြစ်ပါတယ်။ ငရဲဆိုတာ အဲဒီဆက်နွယ်မှုကို အစဉ်ထာဝရ ပျက်သုဉ်းစေသကဲ့သို့ ကောင်းကင်ဘုံဆိုတာ ဘုရားရှိတဲ့နေရာဖြစ်ပြီး၊ ဘုရားနဲ့အတူရှိနေခြင်းသည် ကောင်းကင်ဘုံမှာရှိနေခြင်းဖြစ်ပါသည်။
ကောင်းကင်ဘုံသို့သခင်ဘုရားတက်ကြွခြင်းဆိုတာ သခင်ယေရှုက အဖဘုရားသခင်နဲ့ လုံးလုံးလျားလျား အစဉ်ထာဝရ ပေါင်းစပ်ခြင်းဖြစ်ပါတယ်။

(သခင်ဘုရားသည် အထက်သို့ဆောင်ယူခြင်းခံတော်မူ၍ မိုးတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏) ဆိုတာကိုတွေ့ရပါတယ်။ ကျမ်းစာထဲမှာ မိုးတိမ်ဆိုတာ ဘုရားရှိနေခြင်းဆိုတဲ့ သင်္ကေတဖြစ်တယ်ဆိုတာကို မကြာခဏတွေ့ရပါတယ်။ ဆိုတော့
ဒီနေရာမှာ အဘုရားသခင်က မိမိရဲ့တပါးတည်းသောသားတော်ကို မိမိအထံတော်သို့ ခေါ်ဆောင်တော်မူတယ် ဆိုပြီးကျွန်ုပ်တို့နားလည်လို့ရပါတယ်။ တခါ–ဒီနေ့သံမာကုကျမ်း   မှာ– သူတို့နှင့်ပြောဆိုတော်မူပြီး ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရ၍ ဘုရားသခင်း၏လက်ယာဘက်တွင် ထိုင်တော်မူ၏– ဆိုပြီးတွေ့ရပါတယ်။

ခရစ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းနဲ့ပတ်သက်လို့ ကျွန်ုပ်တို့ရဲ့သက်သေခံချက်ဟာ အသွင်အပြင်သုံးမျိုးသုံးစားရှိပါတယ်။

၁–ကားတိုင်တော်ပေါ်မှာ အသေခံတော်မူပြီးနောက် ဘုရားကိုယ်တော်ဟာ အသစ်သောအသက်တာသို့ ဝင်ရောက်ပြီး မည်သည့်အခါမှ အသက်မသေတော့ပါ

၂–ကိုယ်တော်ဟာချီးမြှောက်ခြင်းခံရတယ်။ အဘဘုရားသခင်နဲ့ တူညီတဲ့ဘုန်းတော်ဂုဏ်တော်ကို မျှဝေခံယူရပါတယ်။

၃–ဒါဟာ အဖဘုရားနဲ့သားတော်ဘုရားတို့ရဲ့ဝိညာဉ်တော်ဟာ ပေါ်ထွက်လာပြီး ကိုယ်တော်ရဲ့လူမျိုးတော်ဆီကိုသက်ဆင်းပြီး၊ သားတော်ဘုရားရဲ့လုပ်ငန်းတော်များကို လုပ်ကိုင်နိုင်ဘို့အတွက် လုပ်ပိုင်ခွင့်နဲ့ ကိုယ်တော်ရဲ့နိုင်ငံတော်ကို တည်ဆောက်ဘို့အတွက် လုပ်ပိုင်ခွင့်ကို ရရှိခဲ့ကြပါတယ်။

သခင်ဘုရားရဲ့ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာခြင်းတို့ဟာ အဆက်မပြတ်ဘဲ တခုပြီးတခု ဆက်တိုက်ဖြစ်လာခြင်း ဖြစ်ပါတယ်။

ဒီနေ့ သခင်ဘုရားရဲ့ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်းပွဲမှာ သခင်ဘုရားအား ချီးမြှောက်တော်မူခြင်းကို သတိရပါတယ်။ အဘဘုရားသခင်းနဲ့ တူညီတဲ့ဘုန်းဂုဏ်တော်ကို ခံစားစံစားဘို့အတွက်ဖြစ်ပါတယ်။

ဒီကနေ့ဧဝံဂေလိကျမ်းမှာ တပည့်တော်ကြီးတွေနဲ့မခွဲခွာခင် အလုပ်လုပ်ဘို့အတွက် သခင်ဘုရားက တပည့်တော်ကြီးတွေကို မစ်ရှင် ပေးခဲ့ပါတယ်။ အီဇရာအဲလ်လူတွေကြားထဲမှာဘဲ နေထိုင်ကြီးထွားပြီး အလုပ်လုပ်ခဲ့တဲ့သခင်ဘုရားဟာ ကမ္ဘာတဝန်းလုံးဆီသို့ ဒေသနာကိုဟောကြားဘို့ ဆိုခဲ့ပါတယ်။

ငါအမှန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ကြီးသောအမှုတို့ကိုလည်းပြုလိမ့်မည်။ (ယောဟန် ၁၄း၁၂)

ကျွန်ုပ်တို့အချိန်မှာ အရင်ခေတ်ကာလ တမန်တော်ကြီးတို့အချိန်တုန်းကနဲ့မတူဘဲ ရဟန်းမင်းကြီးနဲ့အတူတကွ ဘယ်ခရစ်ယာန်မဆို ဒီကနေ့ဒီအချိန်မှာ အင်တာနက်ပေါ်ကနေပြီး၊ ဆပ်တလိုက်ကနေပြီး၊ တီဗီ သို့မဟုတ် ရေဒီယိုကနေတဆင့် တကမ္ဘာလုံးကို ဧဝံဂေလိဒေသနာတော်ကို ဟောပြောဖြန့်ချီနိုင်ခဲ့ပါပြီ။ ဒီကနေတဆင့် နောက် ဘယ်လိုမျိုးတိုးတက်ထွန်းကားတဲ့နည်းပညာ ဘယ်လိုအရာမျိုးပေါ်လာဦးမှာလဲဆိုတာ မသိနိုင်သေးပါဘူး။ ဒီအရာတွေကို အခွင့်ကောင်းယူပြီး ဒေသနာတရားတော်ပြန့်ပွားဘို့အတွက် ကျွန်ုပ်တို့လုပ်ဆောင်ပါရဲ့လား ဆိုတဲ့မေးခွန်းလဲ ကျွန်ုပ်တို့အတွက်ရှိလာပါတယ်။

ဒီဒေသနာပြန့်ပွားရေးအတွက် အသွင်အပြင် ၄ မျိုးရှိတယ်ဆိုတာကို ကျွန်ုပ်တို့မြင်တွေ့နိုင်ပါတယ်။

၁–ခရစ်ယာန်အသင်းအဖွဲ့ (သို့) ဘာသာဝင်သူတော်စင်တွေဟာ ဒေသနာတော်ပြန့်ပွားဘို့အတွက် လုပ်ဆောင်ဘို့ တာဝန်ကိုယ်စီရှိပါတယ်။ ခရစ်ယာန်တို့ရဲ့သက်သေခံခြင်းမှာ ပါဝင်တဲ့ အသက်တာရဲ့အမြင်ကို ဝေငှရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဧဝံဂေလိကျမ်းမှာပါရှိတဲ့ အမြင်တွေ။ ဒါတွေဟာ ရဟန်း သီလရှင် ဓမ္မဆရာတွေအတွက် သီးသန့်လုပ်ငန်းတာဝန်တွေမဟုတ်ပါဘူး။ ဒါဟာ ခရစ်ယာန်တိုင်း ဘာသာဝင်တိုင်းအတွက် တမန်တော်ရဲ့သဘောသဘာဝကို ပိုင်ဆိုင်ခြင်းကနေ စတင်ပါတယ်။ အရင်ခေတ်ကာလတုန်းက ရှိခဲ့တဲ့ခံယူချက်နဲ့ အမြင်တွေ (ရဟန်း သီလရှင် ဓမ္မဆရာတွေအတွက် သီးသန့်လုပ်ငန်းတာဝန်တွေ) ဆိုတာ မရှိသင့်တော့တဲ့အချိန်အခါကို ရောက်ရှိလာခဲ့ပါပြီ။

၂–သာသနာတော်ဟာ ကူစားခြင်းအလုပ်ကို လုပ်ဆောင်ရမဲ့ အသင်းအဖွဲ့ဖြစ်ပါတယ်။ သာသနာတော်နဲ့ သူ့ရဲ့လုပ်ငန်းတော်ကို လုပ်ဆောင်နေရတဲ့ တဦးတယောက်တိုင်းဟာ

ဝိညာဉ်ရေးရာအတွက်ဘဲလုပ်ဆောင်ဘို့ မဟုတ်ပါဘူး။ ကိုယ်စိတ်နှလုံးသုံးပါးစလုံး ပါဝင်တဲ့ ခန္ဓာကိုယ်တခုလုံးဟာ ကယ်တင်ခြင်းနဲ့ပတ်သက်တဲ့ အနှစ်သာရတွေကို ခံစားရဘို့ လိုအပ်ပါတယ်။ အယောက်တိုင်းရဲ့ စိတ်နှလုံး စိတ်ဝိညာဉ်၊ ခံစားမှု၊ ခန္ဓာကိုယ်၊ သူ့ရဲ့ဝန်းကျင် စသည်ဖြင့် ကယ်တင်ခြင်းနဲ့ပတ်သက်တဲ့ အနှစ်သာရတွေကို ခံစားကြရမှာ ဖြစ်ပါတယ်။ ခရစ်တော်ကိုယ်တော်တိုင် ဖျားနာသူတွေအတွက် အချိန်ပေးခဲ့ပါတယ်။ ဒါတွေဟာ မကြာခဏဆိုသလို စိတ်နှလုံး စိတ်ဝိညာဉ်ကိုကုစားတာနဲ့ အပြစ်သားတွေအတွက် ဘုရားနဲ့ပြန်လည်ကျေအေးခြင်းဆိုတဲ့အကြောင်းအချက်တွေနဲ့ ပတ်သက်ပါတယ်။ အပြစ်ကြောင့် ဘုရားနဲ့လိုက်လျောညီထွေမှုမရှိတော့တဲ့အသက်တာဟာ ခံစားမှုနဲ့ ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်အပေါ် အားသက်ရောက်မှုရှိတာကိုလည်း တွေ့ရတတ်ပါတယ်။ ဒီတော့– – ခန္ဓာကိုယ်အတွက် ဆေးရုံမှာဆေးကုသမှုခံယူခြင်းလိုအပ်သလို ဝိညာဉ်အတွက် အာပတ်ဖြေခြင်းစက္ကရင်မင်တူးလည်း လိုအပ်ပါတယ်။ ဒါ့အပြင် ဘာသာသူ ဘုရားသားသမီးများလည်းဘဲ တနည်းမဟုတ်တနည်း ကုသခြင်းမှာ ပါဝင်လုပ်ဆောင်ဘို့ ဖိတ်ခေါ်ခြင်းခံကြရပါတယ်။

၃–ဝိညာဉ်တော်ဟာ တပည့်တော်ကြီးများကို ခွန်အားတန်ခိုးပေးတော်မူမည် ဆိုပြီးတော့ သခင်ယေရှုဘုရားက ဂတိထားတော်မူခဲ့ပါတယ်။ ဒီတန်ခိုးအာဏာဟာ နိုင်ငံရေးနဲ့လည်းမဆိုင်ပါ။ စီးပွားရေးနဲ့လည်းမဆိုင်ပါ။ အားလုံးအားလုံးသော ဘာသာဝင် ဘုရားသားသမီးအယောက်တိုင်းဟာ မျှဝေရရှိခံစားကြပြီး အသက်တာရဲ့အမြင် (သို့) မျှော်မှန်းချက်များကနေ ပေါ်ထွက်လာတဲ့အရာ ဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ နှလုံးသားထဲကနေ ပေါ်ထွက်လာတဲ့ အထူးတန်ခိုးအာဏာဖြစ်ပြီး အားနည်းတဲ့အချိန်မှာ ခွန်အားကိုပေးခြင်း၊ ကြောက်ရွံ့ခြင်းနဲ့ ယုံမှားသံသယဖြစ်ခြင်းအချိန်မှာ မျှော်လင့်ခြင်းကိုရရှိစေခြင်း၊ နောက်ဆုံး အခြေအနေတိုင်းမှာ ဘဝရဲ့အဓိပ္ပာယ်ကိုပေးတဲ့ တန်ခိုးဖြစ်ပါတယ်။

၄–နောက်ဆုံးတော့–သခင်ဘုရားရဲ့သားသမီးအဖွဲ့အစည်းဟာ အထီးကျန်စွာ ကိုယ့်ဟာကိုယ်ဘဲ လုပ်ဆောင်ရတာမျိုးမဟုတ်ပါဘူး။ ငါသည်

ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူရှိနေမည် ဆိုပြီး
မိန့်တော်မူခဲ့ပါတယ်။ မောနွေလ ကျွန်ုပ်တို့နှင့်အတူရှိတော်မူသော
ဘုရားဖြစ်ပါတယ်။ ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့်
ကိုယ်တော်ရဲ့တပည့်တော်တွေနဲ့အတူ ကိုယ်တော်ဘုရားဟာ
ဆက်လက်ပြီးအလုပ်လုပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် ကိုယ်တော်ဟာ
ကျွန်ုပ်တို့အယောက်တိုင်း အယောက်တိုင်းဆီမှာ တွေ့မြင်နိုင်ပါတယ်ဆိုတာကို
ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။